# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၃၄)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၇-၅- ၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ စိုက်ပျိုးရေးလုပ်ကိုင်ကြသော တောင်သူဦးကြီးများအား ယခင်နှစ်များတွင် စိုက်ပျိုးစရိတ်ချေးငွေ အဖြစ် စပါးစိုက်ပျိုးသူနှင့် ချက်ကြဲစိုက်တောင်သူများအား (၁)ဧကလျှင် ၁၀၀၀၀၀ (တစ်သိန်းကျပ်) နှုန်းနှင့် ပဲမျိုးစုံနှင့် နှမ်း၊ ဆီထွက်သီးနှံ၊ ဝါစိုက်တောင်သူများအား (၁)ဧကလျှင် ၂၀၀၀၀ (နှစ်သောင်းကျပ်) နှုန်းတို့ဖြင့် သတ်မှတ် ထုတ်ချေးပေးခဲ့ရာ ယာစိုက်တောင်သူများမှာ အမှန်တကယ် ကုန်ကျမည့်စရိတ်နှင့် အဆပေါင်းများစွာ ကွာခြားနေပါသောကြောင့် ထပ်မံတိုးမြှင့် ထုတ်ချေးပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် တိုးမြှင့်ထုတ်ချေး မပေးနိုင်

ပါက မည်သည့်အတွက်ကြောင့် မပေးနိုင်သေးကြောင်း၊ အစီအစဉ်ရှိပါက မည်သည့် ရာသီချိန်မှ စတင်၍ မည်မျှတိုးမြှင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ ရသေ့တောင်မြို့နယ်တွင် ဆိပ်ကြီးဆည်နှင့် ရေပိုလွှဲတည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်အတွင်းရှိ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ပြည်သူလူထုသောက်သုံးရေ ရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က "တောင်သူလယ်သမားတို့၏ ကာယလုပ်အား၊ ချွေးတို့ဖြင့် အပင်ပန်းအဆင်းရဲခံပြီး စိုက်ပျိုးထွက်ရှိ လာသောထောပတ်ပဲကဲ့သို့ ပြည်ပပို့ကုန်သီးနှံများကို ဈေးနှိမ်ခံရ၍ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိန်းကျောင်းကွပ်ကဲ၍ ရသင့်ရထိုက်သော အခြေခံအနိမ့်ဆုံးဈေးနှုန်းများကို နှစ်အလိုက် သတ်မှတ်ထုတ်ပြန်ပေးရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။